

# ခင်သန္တာ

# ငြိလက်စ ကြိုး နှင့်

## အခြားဝတ္ထုတိုများ

# ကံကောင်းတယ်လို့ ဆိုကြလား

မိန်းမတစ်ယောက်ရဲ့ ကံကောင်း မကောင်းကို အိမ်ထောင်ရေးနဲ့ တိုင်းတာလေ့ရှိကြတယ်။အိမ်ထောင်ရေးကံကောင်းတဲ့ မိန်းမဆိုတာကိုလည်း ပစ္စည်းဥစ္စာ ငွေကြေးပိုင်ဆိုင်မှုနဲ့ မတိုင်းတာကြဘဲ လင်ယောက်ျားရဲ့ အလေးထား ဂရုစိုက်မှုအပေါ်မှာ ပဲ မူတည်ပြီးပြော လေ့ရှိကြပြန်တယ်။လင် ယောက်ျား ဂရုစိုက်ခံရတဲ့ မိန်းမကို ကံကောင်းတယ်လို့ ပြောကြတာပေါ့။အထူးသဖြင့် မြန်မာ့ အိမ်ထောင်မှု နယ်ပယ်မှာ ပေါ့။ဒီလိုဆိုရင်ဖြင့် ကျွန်မကို အိမ်ထောင်ရေး ကံကောင်းတဲ့ မိန်းမလို့ ပြောလို့ရတယ်။ကျွန်မရဲ့ အမျိုးသားက ကျွန်မကို ဂရုစိုက်ပေးတတ်လို့ ပါပဲ။သူက ဘယ်သူကိုမဆို ဂရုစိုက်ပေးတတ်တာ ဆိုတော့ လူပီသတဲ့ စိတ် ရှိသူရယ်လို့ ကျေနပ်ဂုဏ်ယူ ရပြန်တယ်။ကိုယ့်ကို ဂရုစိုက်ပေးတာကို လူတိုင်းကျေနပ် ကြတာကိုး။ဒါပေမယ့် လိုတာထက်ပိုပြီး ဂရုစိုက်ခံရတဲ့ လူတစ်ယောက်ဖြစ်နေတယ်ဆိုရင် အမြဲ ကျေနပ်နိုင်ကြပါ့ဦးမလားဆိုတာ နည်းနည်း လောက်ပြော ကြည့်ရအောင်။

ကျွန်မ အမျိုးသားက သူ့အလုပ် တာဝန်ကျရာ နေပြည်တော်မှာ သွားနေရတယ်။ရန်ကုန်မှာ အားကစားသင်တန်းဖွင့်ထားတဲ့ ကျွန်မက သမီးလေးနဲ့ အတူ ကျန်ရစ်ခဲ့ကြတယ်။သူက နေပြည်တော်မှာ လူပျိုဆောင်နေပြီး နှစ်ပတ်တစ်ကြိမ် ရန်ကုန်ပြန် လာလေ့ရှိတယ် အမျိုးသား နဲ့ အတူနေတဲ့ သူက အရာရှိလူပျိုကြီး၊ ရာထူးအရ သူ့အောက်တစ်ဆင့် ငယ်တယ်။သူတို့ နှစ်ယောက်က တစ်ယောက်တစ်လှည့်

ရန်ကုန်ပြန်လေ့ရှိကြတယ်။ရန်ကုန်ပြန်ဖို့ ကားဂိတ်ကို ဆင်းရင် အဲဒီတစ်ပတ် မပြန်ဖြစ်တဲ့ သူက ကားဂိတ်ကို လိုက်ပို့ပေးလေ့ရှိကြတယ်။သူတို့နေတဲ့ အဆောင်နဲ့ ကားဂိတ်က မနီးမဝေးလို့ ပြောလို့ ရတယ်။လိုက်ပို့ပေးတယ်ဆိုတာလည်း ခြေလျင်လျှောက်ပြီး လိုက်ပို့ပေးကြတာပါ။

တစ်ခုသော မိုးတွင်းမှာ တော့ အရာရှိ လူပျိုကြီး ရန်ကုန်ပြန်တဲ့ အခါက်ပေါ့။မိုးသည်းထဲမှာ အမျိုးသားက အဲဒီလူပျိုကြီးကို ထီးဆောင်းပေးပြီး လိုက်ပို့တယ်။သူ့အကျင့်က သူနဲ့ အတူသွားတဲ့ ဘယ်သူကို မဆိုထီးဆောင်းပေးလေ့ရှိတယ်။ဟိုလူက သူ့အထက် အရာရှိ က ထီးဆောင်းပေးတာဆိုတာ အားတုံ့အားနာနဲ့ မနေတတ်ဖြစ်နေပြီ။ထီးဆောင်းပေးတယ် ဆိုတာထက် ထီးမိုးပေးတာလို့ ပြောရင် ပိုမှန်လိမ့်မယ်။ဘာလို့ လဲဆိုတော့ ထီးဆောင်းပေးတယ်ဆိုတာ ဆောင်းပေးတဲ့ သူရော အဆောင်းခံရတဲ့ သူပါ ထီးအမိုးအောက်ထဲမှာ အတူတူ ရှိနေကြတာ၊ထီးမိုးပေးတယ်ဆိုတာကတော့ ထီးကိုင်ထားတဲ့ သူက ထီးနဲ့ အကွာကြီး လွတ်လွတ်ကင်းကင်း ရှိနေတတ်တာလေ။

အဲဒီလူက လက်ထဲမှာ ခရီးဆောင်အိတ်ကြီးဆွဲထားသေးတယ်၊ သူ့စိတ်ထဲ အိတ်ကိုပါ လုံအောင်ဆောင်းပေးနေတယ်ထင်ပြီး ခရီးဆောင်အိတ်ကို ပခုံးပေါ်ပြောင်းထမ်းလိုက်ရော။ဒါဆို သူတို့ နှစ်ယောက်လုံးထီးအောက်ဝင်လို့ ရပြီလို့ တွေးမှာ ပေါ့။အဲဒီလူ အိတ်ကို ပခုံးပေါ်လည်းပြောင်းထမ်းလိုက်ရော ကျွန်မ အမျိုးသားက အိတ်ပါလုံအောင်ဆိုပြီးထီးမိုးထားတဲ့ လက်ကို မြှောက်ပေး လိုက်တော့တယ်။အမျိုးသားရဲ့ အရပ်ကမြင့်ပြီး ထီးကိုပါ လက်တစ်ဆန့် အကုန်မြှောက်လိုက်တော့ အပေါ်က ကေဘယ်ဓာတ်ကြိုးရဲ့ စက်ကွင်းထဲ ထီးထိပ်ဖူးက ရောက်သွားပါလေရော။ဓာတ်လိုက်ပြီး လက်ထဲက ထီးပြုတ်ကျလာမှ ဟိုလူက သိတော့တယ်။

သူ့ကြောင့် ဖြစ်ရတာဆိုပြီး ဟိုလူခမျှာ ဘယ်လုပ်ရမှန်းမသိဘူး။ နေပြည်တော် မီးက ဓာတ်အားပြည့်ပါဘိနဲ့ မသေတာ ကံကောင်းတယ်။

တစ်နှစ်လောက်ကြာပြီးမှ ကျွန်မကို ပြန်ပြောပြနေတဲ့ အချိန်မှာ တောင် အဲဒီ လူပျိုကြီးက သူ့မှာ အပြစ်ရှိသလို ခံစားနေရတာ။အမျိုးသားက ဘာမှ မဖြစ်ပါဘူး ပြောနေပေမယ့် သူကိုထီးဆောင်းပေးလို့ ဖြစ်ရတာဆိုတဲ့ စိတ်ခံစားမှုကတော့ ရှိနေမှာ ပဲလေ။ကျွန်မ ကိုယ်ချင်းစာကြည့်လို့ ရတယ်။အဲဒီနောက်ပိုင်း ကျွန်မက အမျိုးသားကို သူများ တွေကို ထီးဆောင်းပေးတာလည်း ဆောင်းပေးပေါ့ ဓာတ်လိုက်အောင် တော့ မဆောင်းပေးမိ ပစေနဲ့ လို့ သတိပေးရတယ်။သူများ တွေကိုတောင် ထီးမိုးပေးနေတာဆိုတော့ သူ့ဇနီးဖြစ်တဲ့ ကျွန်မကိုဆို တွေးသာ ကြည့်တော့။

ကျွန်မကို ထီးမိုးပေးနေရင်းက ထီးအောက်မှာ ကျွန်မ နေတဲ့ ပုံစံက သူ့မိတ်ဆွေထဲ က ဘယ်သူနဲ့ တူတာတို့ ၊မိုးပေးထားတဲ့ ထီးအောက်ထဲကနေ အဆင်ပြေအောင် မထွက်တတ်ဘူးတို့ ပြောသေးတာ။ကျွန်မက ထီးအောက်ထဲက အဆင်မပြေအောင် ဘယ်လိုထွက်နေလို့ လဲမေးတော့ ကျွန်မက ရပ်နေရာကနေ စထွက်တော့မယ်ဆိုရင် သူက ဘယ်ဘက်ခြေလှမ်းဖြစ်မယ်လို့ တွေးပြီး မိုးပေးထားရင် ကျွန်မက ညာဘက်ခြေလှမ်း ထွက်တယ်၊ညာလို့ တွေးပြီး ဆောင်းပေးထားရင် ဘယ်ခြေလှမ်းက စထွက်လို့ တဲ့ ။ကျွန်မက 'အမလေး ကိုယ့်ခြေထောက် ကိုတောင် ဘယ်ကအရင် စထွက်မှာ လား၊ညာကအရင် စထွက်မှာ လား သတိမထားမိတာကို ထီးဆောင်းပေးတဲ့ သူက ဘယ်လိုလုပ် တည့်အောင် မှန်းနိုင်မှာ လဲလို့ 'ပြောတော့ 'ညည်းသာ လူကြီးဖြစ်ရင် ထီးမိုးပေးတဲ့ သူ အလုပ်ထိခိုက်ပြီတဲ့ '။

သူ ထီးလိုက်မိုးပေးတဲ့ ပြဿနာက တစ်ခုသော မိုးတွင်းမှာ မှ အ

ဆုံးသတ်တော့တယ်။ကျွန်မက အားကစားသင်တန်းဖွင့်တာ အပြင် ဝါသနာအရ၊ဆောင်းပါးနဲ့ ဝတ္ထုတိုလေးတွေလည်း ရေးသေးတာ ဆိုတော့ အမျိုးသားပြန်လာတဲ့ နှစ်ပတ် တစ်ခါတိုင်း စာအုပ်တိုက်တွေကို လိုက်ပို့ပေးလေ့ရှိတယ်။ကျွန်မသွားဖြစ်တဲ့ စာအုပ်တိုက်တွေ အများ စုက ဘားလမ်းဝန်းကျင်၊ ၃၇၊၃၈လမ်းနဲ့ လမ်း၄၀တစ်ဝိုက် မှာ ရှိကြတာ။မြို့ထဲလမ်း တော်တော်များများ ရဲ့ ပလက်ဖောင်းတွေကလည်း သိကြတဲ့ အတိုင်း စလစ်ပါ ပေါ်က ချော်ကျတယ်လို့ ပြောရမယ့်လမ်းတွေ ။အောက်ခံ ကွန်ကရစ်ပြားတွေက လယ်ကန်သင်းရိုးလောက်ကို စိန်ခေါ်နိုင်ပြီး၊လမ်းဘေးဈေး ဆိုင်တွေက မိုးထားတဲ့ ထီးလက် အစွန်းတွေကို လွတ်အောင်ရှောင်တတ် ဖို့ ကလည်း လယ်ထဲ ကိုင်းထဲ ဆင်းဖူးထားမှ ရမှာ ။ဒါပေမဲ့ လယ်ကွင်း ထဲမှာ လမ်းလျှောက်သလို နှစ်ယောက်တွဲသွားဖို့ တော့ စိတ်မကူးလေနဲ့ ၊တစ်ယောက်လှမ်း စနစ်ပဲ။

အဲဒီလိုလမ်းတွေကို လျှောက်ရတာ မိုးရွာတဲ့ အခါဆို ပိုဆိုးတာပေ့ါ ဘာထီးမှ ဆောင်းလို့ မရဘူး။မိုးရွာလို့ ထီးဖွင့်ဆောင်းမိရင် မိနစ်မဆိုင်းဘူး လမ်းဘေးဈေးဆိုင်တွေရဲ့ အမိုးစွန်းတွေနဲ့ ထိုးမိလို့ မလွတ်တော့ ပြန်ပိတ်လိုက်ရပြီ၊ရှင်းသလောက်ရှိလို့ ထုတ်ဆောင်းလည်း ခဏပဲ၊ထီးဆောင်းထားပြီး အောက်လည်း ကြည့်လျှောက်ရသေးတာ၊အစကတည်းက မညီမညာ ဖြစ်နေတဲ့ ကွန်ကရစ်စောင်းတွေက ရေနှူးနေတဲ့ ခြေထောက်နဲ့ ခလုတ်တိုက်မိလို့ ကတော့ အကွဲပဲ။ပိုဆိုးတာက ရေစီးသန်တဲ့ မိုးရေနဲ့ အတူ ကြွက်သေကောင်ပုပ်တွေက မျောပါ လာပြီး

ကွန်ကရစ်ပြားပေါ် တင်ကျန်နေတတ်တော့ တက်များ နင်းလိုက်မိရင် လူက အီလည်လည်နဲ့ ပျို့ချင်အန်ချင်စိတ်တောင် ဖြစ်ရတယ်။ကျွန်မကတော့ မျောပါလာတတ်တဲ့ ကြွက်သေကောင် တွေကို လျှို့ဝှက်မိုင်းလို့ အမည်ပေးထားတယ်၊ကျွန်မ ကြောက်လို့ လေ။ကျွန်မက မိုးသိပ်သည်း

နေရင် တစ်နေရာမှာ မိုးဝင်ခိုနေပြီး တော်ရုံမိုးလောက်ကတော့ အဲဒီလမ်းတွေပေါ်မှာ ထီးမဆောင်းဘဲ လျှောက်သွားလေ့ရှိတယ်။

အမျိုးသားကတော့ သူ့ထုံးစံအတိုင်း အဲဒီလမ်းတွေပေါ်မှာ ပဲ ရအောင် ထီးလိုက်မိုးပေးလေ့ရှိတယ်။တစ်ယောက်ပဲ လျှောက်လို့ ရတဲ့ လမ်းဆိုတော့ သူက အနောက်ကနေ မိုးပေးရတာ။အစတုန်းက သူ့ကို အားနာလို့ ထီးအောက်ဝင်လျှောက်ပေးပေမယ့် ထီးကို ပိတ်လိုက် ဖွင့်လိုက် ခဏခဏ လုပ်နေရတော့ ကျွန်မ စိတ်မရှည်ချင်တော့ဘူး။တစ်ကယ်လည်း မိုးက လုံတာလည်း မဟုတ်ဘဲနဲ့ ။အဲဒီတော့ သူ့ကိုလည်း စောင့်ပြီးလျှောက်မနေတော့ဘူး၊ရှေ့ ကနေ ကျွန်မ အရင်သွားနှင့် လိုက်တယ်။ကျွန်မ ပြောခဲ့တဲ့ တစ်ခုသော မိုးတွင်းရဲ့ တစ်ရက်သောနေ့မှာ ပေါ့ ကျွန်မက အားကစားသမားလည်း ဖြစ်ပြီးပေ့ါပါးလွတ်လပ်တဲ့ အဝတ်အစားကို ကြိုက်တော့ စပို့ရှပ်နဲ့ ဖိုးကွာတားလို့ ခေါ်တဲ့ ခြေသလုံးအထက်လောက် ဘောင်းဘီ နဲ့ ပေ့ါ။အမျိုးသားနဲ့ ကျွန်မက ခုနစ်နှစ်လောက်ပဲကွာပေမယ့် သူနေတဲ့ ပုံစံက လူကြီးနဲ့ တူတယ်။အစိုးရရုံးမှာ လူကြီးလုပ်နေရလို့ လည်း ပါမယ်ထင်ပါတယ်။

ကျွန်မရှေ့က သွားနှင့် ရက်နဲ့ သူက ရအောင် ထီးလိုက်မိုးပေးနေတယ်။ထီးပိတ်လိုက်ရတဲ့ နေရာတွေဆို သူက ကျွန်မနဲ့ တော်တော်လှမ်းသွားပြီ။ထီးဖွင့်လို့ ရပြီဆိုရင် အနောက်က ပြေးလိုက်လာပြီး ကျွန်မကို ထီးမိုးပေးပြန်ရော။လမ်းမကျယ်ပေါ် ပြန်ရောက်လာတော့ အမျိုးသားက ကျွန်မကို 'ညည်းကို နောက်ဆို ထီးအတင်းလိုက်မိုးမပေးတော့ဘူးတဲ့ ။'ကျွန်မ က သူ့ကို မစောင့်လို့ ပြောနေတယ် ထင်တာ ။အနေ ာက်မှ ာ ကိုယ့်ယောကျ်ား ဘာဖြစ်နေမှန်းမသိဘူး ဆိုတော့မှ 'ဘာဖြစ်လို့ လဲ ပြောပါအုံးလို့ 'မေးမိတယ်။အမျိုးသမီးကြီးတစ်ယောက်က အနောက်ဘက်ကနေ သူ့ခြေသလုံးကို ထီးနဲ့ လိုက်ရိုက်လို့ တဲ့ ။သူက

ရပ်ပြီး ပြန်လှည့်ကြည့်ရင် မရိုက်တော့ဘူး၊မေးရမှာ လဲ အားနာလို့ တဲ့ ။ ပုံစံကို ကြည့်ရတာ စိတ်မနှံ့တဲ့ သူနဲ့ လည်း မတူပါဘူးတဲ့ ။တစ်ခါထီးဖွင့် ဆောင်းပြီး ကျွန်မနောက်ကို လိုက်မိုးပေးရင် သူ့ကို ထီးနဲ့ လှမ်းရိုက်ပြန် ရောတဲ့ ။ထီးဖွင့် မရတဲ့ နေရာရောက်လို့ ပိတ်လိုက်ရင် ဘာမှ မလုပ် တော့ပြန်ဘူးတဲ့ ။

နောက်မှ သဘောပေါက်တာ အမျိုးသားနဲ့ ကျွန်မရဲ့ ပတ်သက်မှုကို အဲဒီအမျိုးသမီးကြီး က မသိဘဲ မိန်းကလေးတစ်ယောက်ကို ကွန်ဒွေ 'ပျ က်အောင် လိုက်လုပ်နေတယ်ထင်လို့ နေမှာ ပေါ့တဲ့ ။ 'အမျိုးသမီးရေးရာ ကလား မသိပါဘူးအေ'လို့ သူပြောတော့မှ ကျွန်မမှာ ရယ်လိုက်ရတာ။ အဲဒီနောက်ပိုင်းတော့ သူထီးမိုးပေးဖို့ ဆင်ခြင်လာတော့တယ်။ကျွန်မအ မျိုးသားရဲ့ လူတွေကို ဂရုစိုက်ပေးတတ်တဲ့ နောက်တစ်ချက်ရှိသေးတယ် ။အဲဒါကတော့ အထုပ်တွေကို ကူသယ်ပေးတာပဲ။ဘယ်သူနဲ့ သွားသွား ဘယ်အရွယ်ရွယ်တွေနဲ့ အတူ သွားသွား သယ်စရာ အထုပ်ရှိလို့ ကတော့ သူတစ်ယောက်တည်း သယ်တော့တာ။မျှသယ်ကြမယ် လို့ လည်း လုပ် လို့ မရဘူး။ချစ်စရာ အမူအကျင့်တော့ ဖြစ်ပါရဲ့ ၊ဒါပေမဲ့ တစ်ဖက်သား အနေရခက်အောင် ဂရုစိုက်ပေးတာတော့ သိပ်မကောင်းဘူးလို့ ထင်တ ယ်။

သူနဲ့ ကျွန်မအတူ လမ်းသွားပြီဆိုရင်လည်း ရှိသမျှ အထုပ်တွေကို သူ တစ်ယောက် တည်း အကုန်ဆွဲ၊အကုန်သယ်တော့တာ။ တစ်ခါတုန်းက လည်း မှတ်မှတ်ရရ ကျွန်မ ဆောင်းပါးနဲ့ ဝတ္ထုတိုတွေပါလာလို့ စာအုပ် တိုက် လေးခုလောက်ကို စာမူခနဲ့ စာအုပ်လက်ဆောင်တွေ သွားထုတ်ကြတယ်။သွားရတဲ့ စာအုပ်တိုက်တွေက ဘားလမ်းတစ်ဝိုက်၊ သမ္မတဟော်တယ်နဲ့ သိမ်ဖြူ လမ်းထောင့်နားအထိ သွားကြရတယ်။တ စ်နေရာနဲ့ တစ်နေရာက လိုင်းကားစီးဖို့ သာ နီးတာ

လမ်းလျှောက်တာကြတော့ ဝေးပြန်ရော။လိုင်းကားစီးတော့လည်း နှစ်မှတ်တိုင်လောက်စီးပြီးရင် ဆင်းရမယ့် နေရာ ရောက်ပြီ၊ဒါပေမယ့် ကားဂိတ်နဲ့ စာအုပ်တိုက်က လှမ်းသေးတော့ လမ်းလျှောက်ရတာပါပဲ။အဲဒီတော့ လိုင်းကားပေါ် ဆင်းလိုက် တက်လိုက်လုပ်နေရတာမှ အလုပ်ရှုပ်သေးတယ် ဆိုပြီး ကျွန်မတို့ လမ်းပဲလျှောက်လိုက်ကြတော့တယ်။

အဲဒီနေ့က ကျွန်မရဲ့ ကွန်ပျူတာSystem Unit ကလည်း ပျက်နေတော့ ပြင်ဖို့ ဆိုပြီး Casing ပုံးကြီးကိုလည်း တစ်ခါတည်း ယူ ခဲ့ကြတယ်။သူရှိတုန်းပြင်ထားမှ ကိုယ့်ဘာသာဆို တော်တော်နဲ့ ထွက်ပြင်ဖြစ်မှာ မဟုတ်ဘူး ။'ကလောင်သွားထက်' တယ်ဆိုတာထက် 'ကီးဘုတ်ခလုတ်သွက်'တယ်လို့ ပြောရမယ့်ခေတ်ဖြစ်နေတော့ ကျွန်မလည်း စာရေးတာကို ကွန်ပျူတာပဲ သုံးဖြစ်နေတော့တယ်။ဘယ်ဟာက ပိုကောင်းတယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ကိုယ်အား သန်ရာ ကိုယ် သုံးနေကြတာပါ။ကျွန်မအတွက်က အဲဒီလိုဆိုတော့ ပြင်မှ ဖြစ်တော့မှာ ပေါ့။

ကွန်ပျူတာ ပြင်ဆိုင်မှာ Casing ပုံးကို အပ်ထား၊ပြီးတော့ အပြန်ကျမှ ဝင်ရွေးမယ်ဆိုပြီး စာအုပ်တိုက် တွေကို ဆက်သွားကြတာပေါ့။စာအုပ်တိုက်က အပြန် ကျွန်မလိုချင်တဲ့ စာအုပ်တစ်ချို့ဝယ်ဖို့ စာအုပ်ဆိုင်တွေကို လည်း ဝင်ခဲ့ကြသေးတယ်။ ရန်ကုန်မြို့လယ်ကောင်ရဲ့ သုံးပုံနှစ်ပုံလောက်ကို လမ်းလျှောက်လိုက်ရတော့တာ။အဲဒီတော့ လူက တစ်နေကုန် အားကုန်သလောက်ဖြစ်နေကြပြီ။ဝယ်လာတဲ့ စာအုပ်ရယ် လက်ဆောင်ရလာတဲ့ စာအုပ်တွေရယ် ပေါင်းလိုက်တော့ စာအုပ်အလေးချိန်ကတင် တော်တော်လေးနေပြီ။ကွန်ပျူတာဆိုင် ပြန်မရောက်သေးခင် လမ်းမှာ အမျိုးသားက စာအုပ်ထုပ်ကို ကိုင်ထားတဲ့ အပြင် ကျွန်မလွယ်ထားတဲ့ ဆလင်းဘက်ကိုပါ တောင်းသေးတာ။ကျွန်မက မပေးတော့ အတင်းဖြုတ်ယူပြီး မိန်းမကိုင် ဆလင်းဘက်ကို သူလွယ်ထားပါလေရော။

ကွန်ပျူတာဆိုင်က အထွက်ကြတော့ သူက Casing ပုံးကြီးကို ညာပခုံးပေါ်မှာ ထမ်း၊ ဆလင်း ဘက်ကို ဘယ်ပခုံးမှာ လွယ်ထားပြီး လွတ်နေတဲ့ ဘယ်လက်နဲ့ စာအုပ်ထုပ်ကို ကိုင်ထားပါတယ်။လက်နှစ်ဖက်နဲ့ ပခုံးနှစ်ဖက်လုံးမအားတဲ့ အခါကျတော့ သူကိုင်နေကျ ထီး အရှည်ကြီးကို ခါးပတ်နဲ့ ဘောင်းဘီကြားမှာ ထိုးလိုက်ပါတယ်။အဲဒီတော့ သူလမ်း လျှောက် လိုက်တိုင်း ထီးအရှည်ကြီးက သူ့ပေါင်နှစ်ချောင်းကြားကနေ ငေါက်တောက် ငေါက်တောက်နဲ့ အရှေ့ကို ထွက်လာပါ တော့တယ်။ကျွန်မက တော့ ခြေလွတ် လက်လွတ် ဖြစ်နေတာပေ့ါ၊ မြင်ရတာ ဘယ်လိုမှ အဆင်မပြေပါဘူး။ကျွန်မက တစ်ချို့ကို ကူသယ်ပေး ပါမယ်ဆိုတာကိုလည်း မပေးဘူး။ဘာမှ မပေးရင်တောင် ထီးတော့ ဖြုတ်ပေးပါဆိုတာလည်း မရနဲ့ ။သူနဲ့ အတူတွဲသွားတဲ့ ကျွန်မကို ဘေးလူတွေက ဘယ်လိုမြင်ကြမလဲ၊ဒီမိန်းမနယ် လွတ်လွတ်ခါခါ သူပဲ နေနိုင်လိုက်တာလို့ မြင်ကြမှာ ပေ့ါ ။အဲဒီလိုပြောတော့ သူက 'ညည်းရှက်ရင် ရှေ့က သွားနှင့် ပေ့ါ'တဲ့ ။

သူပြောသလို ရှေ့က မသွားနှင့် ပေမယ့် သူနောက်က ကျွန်မ လိုက်ခဲ့လိုက်တယ်။ကျွန်မ စိတ်ထဲ တစ်ကယ် သူ့ကို ကျေးဇူးမတင်တဲ့ အပြင် စိတ်တောင်တိုမိတယ်။တက္ကဆီငှားဖို့ ကလည်း ကွန်ပျူတာ ပြင်ဆိုင် ရှိတဲ့ လမ်းက တစ်လမ်းမောင်း ဆိုတော့ ကားငှားရတာ အဆင်မပြေဘူး။ တားလို့ ရတဲ့ ကားတွေကလည်း ညနေစောင်းနေပြီဆိုတော့ ဈေးမတည့်တာနဲ့ ၊ကားသိမ်းချိန်နီးလို့ မလိုက်ချင် တော့တာနဲ့ ဖြစ်နေကြတယ်။အဲဒီလိုနဲ့ ကားငှားလို့ အဆင်အပြေဆုံး ဆူးလေဘက်ကို ရောက်လာ ကြတော့တယ်။လက်ရွေးစင် ကဖေးဆိုင် ရှေ့နားလေး တစ်လျှောက်မှာ ညနေဘက်ဆိုရင် လမ်းဘေးဈေးသည် တွေ ပိုများ နေတတ်တယ်။အဲဒီနေ့ ညနေက အမျိုးသားက ရှေ့က လျှောက်သွားနေရင်းက ကျွန်မကို နောက်လှည့်ကြည့်တယ်။သူလှည့်ရပုံက Casing ပုံးကို ထမ်းထားတော့

ခေါင်းချည်းပဲ လှည့်လို့ မရဘူး။ပုံးနဲ့ အတူ လူတစ်ကိုယ်လုံးလှည့်မှ ရတာ။

ကျွန်မက ဘာလုပ်ချင်လို့ လဲလို့ သူ့ကို မေးတော့ လမ်းဘေးမှာ ရောင်းနေတဲ့ နွားနို့အိုးကြီးကို မေးငေါ့ပြပြီး 'ပူပူလေး သောက်လိုက်ပါလား၊ မလိုင်တွေလည်း အများကြီးပဲတဲ့ '။ကျွန်မလေ စိတ်တိုလွန်းလို့ မျက်ရည်တောင် ဝဲတယ်။သူမို့လို့ ပြောထွက်တယ် ဘယ်သူက အဲဒီလို ပုံစံနဲ့ သောက်လို့ ဝင်မှာ လဲ။သောက်လိုက်မိရင်တောင် ပိုက်ဆံအိတ်က အစ သူဆီမှာ ပဲရှိတာ။ကျွန်မက 'မသောက်ပါဘူး၊ဘာလို့ သောက်ရမှာ လဲလို့ ' ဆိုတာတောင် 'ပူပူလေးမလို့ သောက်စေချင်လို့ ပါ ၊ရပ်စောင့်နေပေးမယ် သောက်လိုက်ပါ'လို့ လုပ်နေသေးတာ။ကျွန်မနဲ့ သူ့ပုံစံကို ကြည့်ပြီး နွားနို့သည် ကုလားမကြီးက ဘယ်လို သဘောပေါက်တယ်မသိဘူး ရယ်နေလိုက်တာ အကြာကြီးပဲ။အဲဒါကြောင့် ကျွန်မပြောတာပေါ့ လူတစ်ယောက်ဟာ လိုတာထက်ပိုပြီး ဂရုစိုက်ခံနေရ တယ်ဆိုရင် ကျေနပ်နိုင်ကြပါ့ဦးမလားလို့ ။

**ခင်သန္တာ**

**မဟေသီ မဂ္ဂဇင်း အမှတ် (၃၁၉)၊ ဇူလိုင်လ၊ ၂၀၁၁ ခုနှစ်၊**

*